# “တရားလက်လွတ် သတ်ဖြတ်မှုတွေ ဒေသအတွင်း ပိုများလာနေတယ်”

- ဒေသခံရွာသားတဦး၊ အသက် ၄၅ နှစ်၊
ရေဖြူမြို့နယ်၊ ထားဝယ်ခရိုင်၊ တနင်္သာရီတိုင်းဒေသကြီး။

ညှဉ်းပန်းနှိပ်စက်ခံရသူများကို ကူညီထောက်ပံ့ရေး အပြည်ပြည်ဆိုင်ရာနေ့
ဇွန်လ ၂၆၊ ၂၀၂၂

မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်း



နိုင်ငံတကာစံနှုန်းများအရ ညှဉ်းပန်းနှိပ်စက်မှုကို ကာကွယ်တားဆီးပေးထားမှုများရှိပြီး မြန်မာနိုင်ငံအနေဖြင့် လိုက်နာကျင့်သုံးရန် တာဝန်ရှိပါသည်။
ညှဉ်းပန်းနှိပ်စက်မှုများကို တားမြစ်သည့် နိုင်ငံတကာသဘောတူစာချုပ် UNCAT တွင် အသေးစိပ် ပြဋ္ဌာန်းတားမြစ်ထားသည်။ ထို့အပြင် ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်းနှင့် လူ့အခွင့်အရေးဥပဒေများတွင်လည်း နည်းမျိုးစုံဖြင့် ညှဉ်းပမ်းနှိပ်စက်မှုများ တားမြစ်ခြင်းကို နိုင်ငံတကာဓလေ့ထုံးတမ်းဥပဒေ အခြေခံမူတန်ဖိုးအဖြစ် အကျယ်အပြန့် လက်ခံထည့်သွင်းပြဋ္ဌာန်းထားကြပြီးဖြစ်သည့်အတွက် မည်သည့်နှိမ့်ချဆက်ဆံ ညှဉ်းပန်းနှိပ်စက်ခြင်းကိုမှ လက်ခံခွင့်ပြု၍မရပါ။

(UNCAT) နိုင်ငံတကာသဘောတူစာချုပ်တွင် ညှဉ်းပန်းနှိပ်စက်မှုနှင့်စပ်လျဉ်းသည့် အဓိပ္ပါယ်ဖွင့်ဆိုချက်အား အောက်ပါအတိုင်း ဖော်ပြထားသည်။

"လူတဦးထံမှ သတင်း သို့မဟုတ် အခြားသူတဦး၏ သတင်းကို ရရှိလိုခြင်း၊ သို့မဟုတ် ဝန်ခံဖြောင့်ချက်ပေးစေခြင်း၊ ထိုသူ .. သို့မဟုတ် အခြားပုဂ္ဂိုလ်က ကျူးလွန်သည့်ပြစ်မှု၊ သို့မဟုတ် ကျူးလွန်သည်ဟု သံသယရှိသည့် လုပ်ရပ်အတွက် ပြစ်ဒဏ်ပေးခြင်း၊ ထိုသူ သို့မဟုတ် အခြားပုဂ္ဂိုလ်ကို ခြိမ်းခြောက်ရန်၊ သို့မဟုတ် အကျပ်ကိုင်တိုက်တွန်းရန်၊ သို့မဟုတ် မည်သည့်နည်းနှင့်မဆို ခွဲခြားဖိနှိပ်ဆက်ဆံမှုအပေါ် အခြေခံသည့် အကြောင်းအချက်များဖြင့် .. စသည့် ရည်ရွယ်ချက်များအတွက် လူတဦးအပေါ် ရည်ရွယ်ချက်ရှိရှိဖြင့် ရုပ်ပိုင်းဆိုင်ရာဖြစ်စေ၊ စိတ်ပိုင်းဆိုင်ရာဖြစ်စေ၊ ပြင်းထန်စွာ နာကျင်စေရန်၊ သို့မဟုတ် ခံစားရစေရန် အစိုးရအရာရှိ သို့မဟုတ် အာဏာရှိသူ၊ တာဝန်ရှိသူ တဦးဦးမှ သို့မဟုတ် ထိုသူ၏ အမိန့်အရ၊ သဘောတူညီမှုအရ၊ လှုံ့ဆော်မှုအရ ဤသို့ပြင်းထန်စွာ နာကျင်စေရန်၊ သို့မဟုတ် ခံစားရစေရန် လုပ်ဆောင်သည့် မည်သည့်လုပ်ဆောင်ချက်မဆို ညှဉ်းပန်းနှိပ်စက်မှုမြောက်သည်။
ယင်းတွင် ဥပဒေကြောင်းအရ ဥပဒေလုပ်ထုံးလုပ်နည်းနှင့်အညီ ပြစ်ဒဏ်ပေးခြင်းကြောင့်ဖြစ်သည့် နာကျင်မှု၊ သို့မဟုတ် ခံစားရမှုပါဝင်သည့် လုပ်ရပ်များနှင့် ဖြစ်ရပ်များ အကြုံးမဝင်ပါ"

- ညှဉ်းပန်းနှိပ်စက်ခြင်းနှင့် အခြားသော ရက်စက်ကြမ်းကြုတ်သည့်၊ လူမဆန်သည့်သို့မဟုတ် လူ့ဂုဏ်သိက္ခာကို ညှိုးနွမ်းစေသည့် ပြုမူဆက်ဆံမှု၊ သို့မဟုတ် ပြစ်ဒဏ်ပေးမှုများ ဆန့်ကျင်ရေး နိုင်ငံတကာသဘောတူစာချုပ် (၁၉၈၄ ခုနှစ်၊ ပြဋ္ဌာန်းချက် ၁၊ အပိုဒ် ၁)

## မြန်မာနိုင်ငံတွင် ညှဉ်းပန်းနှိပ်စက်မှုပုံစံအားလုံးကို ချက်ချင်းရပ်တန့်ရမည်

… … … … … … … … … … … … … … … … … … … … … … …

မွန်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် တနင်္သာရီတိုင်းဒေသကြီး အပါအဝင် မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်း၏ လူ့အခွင့်အရေးချိုးဖောက်မှုမှတ်တမ်းများကောက်ခံရာ ပစ်မှတ်နယ်မြေများတွင် စစ်အုပ်စုနှင့် ၎င်းတို့တပ်ဖွဲ့ဝင်များမှ ကျူးလွန်သော ညှဉ်းပန်းနှိပ်စက်မှုမှတ်တမ်းများကို ပိုမိုကောက်ခံခဲ့ရသည်။ ဤသည်မှာ စစ်အုပ်စုနှင့် ၎င်းတို့တပ်ဖွဲ့ဝင်တို့၏ အရပ်သားပြည်သူများ နေထိုင်ရာဒေသ အများစုတွင် ယခင်ကထက် နယ်မြေစိုးမိုးမှုပိုမိုဖြန့်ကျက်နိုင်ရန်နှင့် အကြောက်တရားဖြင့် ထိန်းချုပ်လာနိုင်ရန် တပ်ဖွဲ့အင်အား တိုးမြှင့်ပြီး ညှဉ်းပန်းနှိပ်စက်မှုကို အဓိက ဖိနှိပ်မှုနည်းနာ သဖွယ် အသုံးပြုလာခြင်း၏ သက်ရောက်မှုများပင် ဖြစ်သည်။ ညှဉ်းပန်းနှိပ်စက်ခြင်းကို နိုင်ငံတကာဥပဒေအရ ကြီးလေးသည့် လူ့အခွင့်အရေးချိုးဖောက်မှုဟု သတ်မှတ်ထားသည်။

မှတ်တမ်းများကို ပြန်ဆန်းစစ်လေ့လာလျှင် လက်နက်ကိုင်ပဋိပက္ခအတွင်း အရပ်သားပြည်သူများကို ကြောက်ရွံ့ ထိတ်လန့်စေရန် အသုံးချသည့် အများဆုံးသောနည်းဗျူဟာမှာ ညှဉ်းပန်းနှိပ်စက်မှုပင် ဖြစ်သည်။ သံသယနှင့် ဖမ်းဆီး ထားသည့် အရပ်သားပြည်သူများအား ဖြောင့်ချက်ပေး ဝန်ခံစေရန် အတင်းအကြပ် ဖိအားပေးခိုင်းစေခြင်းနှင့် လက်နက် မဲ့ အပြစ်မဲ့ ပြည်သူများအပေါ် အာဏာကုန်သုံး ရမ်းကားရန် အဓိကကျသည့် နည်းလမ်းတစ်ခု ဖြစ်သည်။

ပုံစံအမျိုးမျိုးနှင့် အပြစ်မဲ့အရပ်သားပြည်သူများအပေါ် ညှဉ်းပန်းနှိပ်စက်သတ်ဖြတ်ခဲ့သည့် စစ်အုပ်စု၏တပ်ဖွဲ့ဝင်များ

အများစုမှာ ပြစ်ဒဏ်ပေးခံရခြင်းမှ ကင်းလွတ်ခွင့် ရနေကြသည်။ နှစ်နာခံစားခဲ့ရသူ အရပ်သားပြည်သူများအနေဖြင့် နောက်ဆုံးထွက်သက်တိုင် ၎င်းတို့အပေါ် မတရားစွပ်စွဲမှုများကို ငြင်းပယ်ရင်း စစ်အုပ်စုတို့၏ နည်းနာအမျိုးမျိုးသော ညှဉ်းပန်းနှိပ်စက်မှုအောက်တွင် အသက်သေဆုံးခဲ့ကြရသည်ဟု မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်းထံသို့ ထုတ်ဖော်ပြောဆိုကြသည်။

မြေပြင်တွင် ဖြစ်ပေါ်နေသည့် လက်ရှိအခြေအနေကြားတွင် အရပ်သားပြည်သူတို့အနေဖြင့် မလုံခြုံမှု၊ စိတ်ပျက်ဝမ်းနည်းမှုနှင့် မသေချာမရေရာမှုများ နေ့စဉ်နှင့်အမျှ တိုးပွားလာနေသည်။

HURFOM ၏လူ့အခွင့်အရေး မှတ်တမ်းတင်နယ်မြေ အနှံ့အပြားတွင် စစ်အစိုးရမှ မတရားဖမ်းဆီး၍ ညှဉ်းပန်းနှိပ်စက်ခံရသည့် သတင်းဖြစ်စဉ်များ ထွက်ပေါ်လျှက်ရှိသည်။ စစ်ကြောရေးနှင့် အကျဉ်းထောင်တွေမှာ အသက်သေဆုံးသည်အထိ စစ်ကြောမေးမြန်း ညှဉ်းပန်းနှိပ်စက်ခံနေကြရသည့် အပြစ်မဲ့ပြည်သူများ မနည်းပေ။ အချက်အလက်များအရ နိုင်ငံရေးအကျဉ်းသားအားလုံးနီးပါးကို ပစ်မှတ်ထားပြီး စစ်ထောက်လှမ်းရေးများနှင့် ထောင်အာဏာပိုင်တို့က အကြမ်းဖက်မှုပုံစံအမျိုးမျိုးဖြင့် ညှဉ်းပန်းနှိပ်စက်နေကြသည်။ ကိုယ်စိတ်နှစ်ပါးစလုံးကို ပစ်မှတ်ထားပြီး နာကျင်ဆင်းရဲစေသည့်အပြင် လူ့ဂုဏ်သိက္ခာနှင့် အရှက်တရားတို့ကို ထိခိုက်စေသည့် အခြားညှဉ်းပန်းနှိပ်စက်မှုမှာ လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုဖြစ်သည်။ ၁၅ လစာ အချက်အလက်များမှတ်တမ်းတင်ခဲ့စဉ်အတွင်း HURFOM ကွင်းဆင်းအဖွဲ့ဝင်များသည် စစ်အုပ်စုမှ အမျိုးသမီးအရပ်သားနှင့် တက်ကြွလှုပ်ရှားသူများအပေါ် လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှု ကျူးလွန်ခဲ့သည့် ဖြစ်စဉ်အချို့ကို မှတ်တမ်းပြု အစီရင်ခံနိုင်ခဲ့သည်။

"သံတိုင်နောက်နဲ့ အမှောင်တိုက်တွေမှာ အမျိုးသမီးတက်ကြွလှုပ်ရှားသူ အကျဉ်းသူတချို့ဟာ သူတို့ရဲ့ ကိုယ်ပိုင်အခွင့်အရေးနှင့် လိင်ပိုင်းဆိုင်ရာကျူးလွန်စော်ကားခံရမှုတွေကနေ သူတို့ကိုသူတို့ ကာကွယ်နိုင်ဖို့ ခဲယဉ်းပါတယ်။ နိုင်ငံရေးလုပ်လို့ အငြိုးအတေးထား အပြစ်ပေးဖိနှိပ်ညှဉ်းပန်းတဲ့အခါ စကစ အာဏာပိုင်တွေဟာ လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုနည်းကို သာသာထိုးထိုး သုံးလေ့ရှိကြပါတယ်။" (တွေ့ဆုံမေးမြန်းခဲ့စဉ်က ပြောပြချက်များ)

နွေဦးတော်လှန်ရေးနှင့် စစ်အာဏာသိမ်းဆန့်ကျင်ရေး လှုပ်ရှားမှုတို့တွင် တက်ကြွစွာပါဝင်ခဲ့သော မွန်၊ ကရင်နှင့် တနင်္သာရီတိုင်းဒေသကြီးတို့မှ လူငယ်အကျဉ်းသားများ အများစုကိုလည်း ထောင်အာဏာပိုင်တို့က ရက်အတန်ကြာ အစားအသောက်နှင့် သောက်ရေများ ပြတ်တောက်ခဲ့သည့်နည်းဖြင့် ညှဉ်းပန်းနှိပ်စက်ခဲ့သည်။ အကျဉ်းထောင်အခြေအနေများသည် သန့်ရှင်းမှုအလျင်းမရှိသည့်အပြင် အကျဉ်းသားများ၏ အခြေခံလူ့အခွင့်အရေးကိုလည်း ဆုံးရှုံးနေစေသည်။

မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်းအနေဖြင့် မည်သည့်အဖွဲ့အစည်း တပ်ဖွဲ့ဝင်တို့၏ ညှဉ်းပန်းနှိပ်စက်မှုကိုမဆို အစဉ်တစိုက်ရှုတ်ချပြီး နိုင်ငံတစ်ဝှမ်း တရားမဲ့ ဖမ်းဆီးအကျဉ်းချကာ အသက်သေဆုံးသည်အထိ တရားမဲ့သတ်ဖြတ်မှုများ၊ လူမဆန်စွာညှဉ်းပန်းနှိပ်စက်မှုများနှင့် နောက်ဆက်တွဲ စိတ်ဒဏ်ရာနှင့် ကာလရှည်ကြာ ကိုယ်ကာယပျက်စီးချို့ယွင်းမှုများအတွက် တိကျသော စုံစမ်းစစ်ဆေးမှုများကို အစောတလျင်ဆောင်ရွက်ရန် တောင်းဆိုသည်။.

ညှဉ်းပန်းနှိပ်စက်ခံရခြင်းနှင့် ပတ်သက်သည့် အမျိုးသားညီညွတ်ရေးအစိုးရ၏ ထုတ်ပြန်ချက်ပါ အချက်အလက်များအရ

အမှုပေါင်း

၂,၈၀၀

2021 ခုနှစ် ဒီဇင်ဘာလ 1 ရက်နေ့မှ 2022 ခုနှစ်အတွင်း အာဏာသိမ်းရန်ကျိုးပမ်းသည့် စစ်အုပ်စုတို့မှ ကျူးလွန်ခဲ့သော စစ်ရာဇဝတ်မှုများတွင် တရားမဲ့သတ်ဖြတ်ခြင်း၊ တရားမဲ့ဖမ်းဆီးကွပ်မျက်ခြင်း၊ အရပ်သားများကို လူသားဒိုင်းအဖြစ် အသုံးပြုခြင်း၊ လေကြောင်းနှင့် မြေပြင်တွင် လက်နက်ကြီးများဖြင့် ပစ်ခတ်တိုက်ခိုက်ခြင်း၊ နေအိမ်များကို မီးရှို့ခြင်းနှင့် ပစ္စည်းဥစ္စာတို့ကို လုယက်၊ ဖျက်ဆီး၊ ခိုးယူခြင်း အပါအဝင်၊ လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုကို အသုံးပြုခြင်း။

## HURFOM ၏ လူ့အခွင့်အရေးမှတ်တမ်းတင် ဒေသများတလျှောက် ညှဉ်းပန်းနှိပ်စက်မှုဆိုင်ရာ အမှုပေါင်း*-

| မွန်ပြည်နယ် | ကရင်ပြည်နယ် | တနင်္သာရီတိုင်းဒေသကြီး |
|---|---|---|
| ၂၉၀+ | ၁၂၀+ | ၃၈၀+ |

## ရုပ်ပိုင်းဆိုင်ရာနှင့် စိတ်ပိုင်းဆိုင်ရာ ညှဉ်းပန်းနှိပ်စက်ခံရမှုများကြောင့် သေဆုံးမှုနှင့် ဒဏ်ရာရရှိမှုဆိုင်ရာ အချက်အလက်များ*

| ၄၅+ | ၃၀၀+ |
|---|---|
| သတ်ဖြတ်ခံရ/သေဆုံးမှု | ဒဏ်ရာရရှိမှု |

*ဖေဖော်ဝါရီ ၁ ရက်နေ့ ၂၀၂၁ ခုနှစ် စစ်အုပ်စုတို့မှ အာဏာသိမ်းရန်ကြိုးပမ်းခဲ့မှုကာလမှ လက်ရှိကာလအထိ မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်းမှ ကောက်ခံရရှိသည့် အချက်အလက်များပေါ်တွင် အခြေခံတင်ပြသည်။

# ဖြစ်ရပ်လေ့လာမှုများ

## ဇန်နဝါရီလ ၁၅ ရက်၊ ၂၀၂၂ ခုနှစ်

ထားဝယ်မြို့နယ် စော်ဝကျေးရွာမှ ရွာသားတစ်ဦးကို စစ်အုပ်စု တပ်ဖွဲ့ဝင်တို့မှ ဒေသကာကွယ်ရေးလက်နက်ကိုင်အဖွဲ့တခုနှင့် ဆက်နွယ်မှုဖြင့် မတရားစွပ်စွဲဖမ်းဆီးချုပ်နှောင်ကာ ထိုသူအား သေသည်အထိ ရိုက်နှက်ညှဉ်းပန်းနှိပ်စက်ခဲ့သည်။ ယင်းအဖြစ်အပျက်ကို မွန်ပြည် လူ့အခွင့်အရေးဖောင်ဒေးရှင်း၏ ကွင်းဆင်းသတင်းကောက်ခံ မှတ်တမ်းပြုစုသူများက အသတ်ခံရသူ၏ ဆွေမျိုးတစ်ဦးဖြစ်သူထံမှ အချက်အလက် ရရှိခဲ့သည်။

ဦးလွင်မိုးအောင်၊ အသက် ၅၀ နှစ်ပတ်ဝန်းကျင်ခန့်၊ အပြစ်မဲ့သည့် ကျေးရွာသားအား ဇန်နဂါရီလ ၁၅ ရက်နေ့ နံနက် ၁၁ နာရီတွင် စစ်ကြောရေးစခန်းတခုတွင် မေးမြန်းစဉ် သေသည်အထိ နှိပ်စက်ညှဉ်းပန်းခဲ့သည့် ကြေကွဲဖွယ် လူမဆန်ဖွယ် ဖြစ်ရပ်တခုဖြစ်သည်။

## ဖေဖော်ဝါရီလ ၁၁ ရက်၊ ၂၀၂၂ ခုနှစ်

ဖေဖော်ဝါရီ ၇ ရက် ညနေပိုင်းက ထားဝယ်မြို့ရှိ အထင်ကရ ဟိုတယ်တခုတွင် မတရားဖမ်းဆီးခံခဲ့ရသည့် အသက် ၂၈ နှစ်အရွယ် အမျိုးသား တစ်ဦးဖြစ်သူ ကိုဝင်းသီဟကို ထားဝယ်မြို့ရှိ စကစလက်အောက်ခံ စစ်ကြောရေးစခန်းတခုတွင် စစ်ကြောမေးမြန်းခံနေရစဉ် ညှဉ်းပန်းနှိပ်စက် ခံခဲ့ရသည်။ သူ့ခန္ဓာကိုယ်ကို ချွန်မြသောဓါးမြှောင်ဖြင့် အကြိမ်ပေါင်းများစွာ ထိုးစိုက်ပြီး စစ်ကြောမေးမြန်းပြီး ညှဉ်းပန်းခဲ့သည်ဟု ယုံကြည် စိတ်ချရသည့် သတင်းအရင်းအမြစ်က သိရသည်။ နောက်ဆုံးအခြေအနေကို မသိရသည့်တိုင် စကစတို့က သံသယအကျဉ်းသားတဦးအပေါ် ကျူးလွန်ချိုးဖောက်ခဲ့သည့် ယင်းညှဉ်းပန်းနှိပ်စက်မှုပုံစံမှ လူမဆန်လွန်းသည့် လုပ်ရပ်ပင်ဖြစ်သည်။

## မတ်လ ၁၆ ရက်နေ့၊ ၂၀၂၂ ခုနှစ်

စစ်အာဏာသိမ်း ဆန့်ကျင်ကန့်ကွက်မှုဖြင့် အထင်ကရရှိသော ထားဝယ်မြို့၏ ရပ်ကွက်တခုဖြစ်သည့် ဥတ္တရံရပ်ကွက်ရှိ သာမန် လက်လုပ်လက်စား ရပ်ကွက်သားတဦးဖြစ်သူ ကိုရာဇာထွန်းကို မည်သည့်စွပ်စွဲချက် ခိုင်ခိုင်လုံလုံမျှမရှိပဲနှင့် စကစလုံခြုံရေးတပ်ဖွဲ့တို့က မတရားဖမ်းဆီးခဲ့သည်။ စစ်ကြောရေးစခန်းတခုအတွင်း တရစပ်ရိုက်နှက်ညှဉ်းပန်းနှိပ်စက်ခြင်းကို ခံခဲ့ရပြီး နောက်တပတ်ခန့်အကြာတွင်

## ဖြစ်ရပ်လေ့လာမှုများ

တစ်ဦးတည်း တိုက်ပိတ်အကျဉ်းချထားခြင်းသို့ ပြောင်းရွှေ့ချုပ်နှောင်ခံခဲ့ရသည်။ မတ်လ ၁၄ ရက်နေ့တွင် တရားခွင်သို့ ကိုရာဇာထွန်း တရားရင်ဆိုင်ခဲ့ရသည်။ ယင်းနေ့ သူဝတ်ဆင်ထားသော တီရှပ်မှာ နွေဦးတော်လှန်ရေးကမ်ပိန်းကို ထောက်ခံသည့် အထိမ်းအမှတ်ဖြင့် ထုတ်ထားသည့် အကျႌဖြစ်သည်။ နွေဦးတော်လှန်ရေးနှင့် မတရားသော စစ်အာဏာသိမ်းမှုလုပ်ရပ်ကို ဆန့်ကျင်ကန့်ကွက်သည့် ရဲဘော်ရဲဖက်များနှင့် တသားတည်းရှိသည်ဟူသော စည်းလုံးညီညွတ်မှုကို ကြိုးစားဖော်ထုတ်သည့် သူ၏လုပ်ရပ်ကြောင့် တရားရုံးကဆင်းသည်နှင့် စစ်ကြောရေးစခန်းတွင် ခြေကျင်းခတ် တိုက်ပိတ်ညှဉ်းပန်းနှိပ်စက်မှုကို တဖန် ပြန်ခံစားခဲ့ရပြန်သည်။

### ဇွန်လ ၂ ရက်နေ့ ၂၀၂၂ ခုနှစ်

ပြီးခဲ့သည့် ဇွန်လ ၂ ရက်နေ့ ၂၀၂၂ ခုနှစ်တွင် နိုင်ငံရေးအကျဉ်းသားနှစ်ဦး ထွက်ပြေးလွတ်မြောက်သွားပြီးနောက် ထောင်အာဏာပိုင်တို့မှ ကရင်ပြည်နယ် ဘားအံမြို့ အကျဉ်းထောင်ရှိ နိုင်ငံရေးကျဉ်းသားများအား အကြမ်းဖက်နည်းဗျူဟာများ ပိုမိုဖြန့်ကျက် ကျူးလွန်လာခဲ့သည်။ ၂၀၂၂ ခုနှစ် ဇွန်လ ၃ ရက်နေ့မှ ၅ ရက်နေ့အတွင်း အကျဉ်းထောင် အာဏာပိုင်များ မှတိုက်ရိုက်ကြိုးကိုင်စီမံသော ထောင်တွင်းအကြမ်းဖက်ရိုက်နှက်မှုဖြစ်စဉ်များအတွင်း နိုင်ငံရေးအကျဉ်းသား လူငယ်ပေါင်း ၇၃ ဦး နီးပါးခန့် ဒဏ်ရာရရှိခဲ့ကြောင်း အတည်ပြုခဲ့သည်။ အထိန်းသိမ်းခံ အကျဉ်းသားလူငယ်များအား လျှပ်စစ်တုတ်ဖြင့်တို့ကာ နှိပ်စက်ခြင်း၊ အချုပ်ခန်းအပြင်ဘက်မှ လောက်လေးခွတွင် သံတိုသံစများဖြင့် ပစ်ခတ်နှိပ်စက်ခဲ့ကြောင်း ခိုင်လုံသည့် ထောင်တွင်းသတင်းအရင်းမြစ်များအပေါ်အခြေခံပြီး မှတ်တမ်းပြုခဲ့သည်။
အမည်မဖော်လိုသူ သတင်းအရင်းအမြစ်တခုက -

"ထောင်အာဏာပိုင်တွေဟာ သူတို့လက်သပ်မွေးထားတဲ့ တန်းစီးတွေနဲ့ ထောင်ဝါဒါ စီနီယာရာဇဝတ် အကျဉ်းသားတွေကို အမိက အမိန့်ပေး ခိုင်းစေခဲ့ပါတယ်။ တကယ့်ကို လူမဆန်တဲ့ လုပ်ရပ်တွေဖြစ်တဲ့ ကိုယ်ကာယနဲ့ စိတ်ပိုင်းဆိုင်ရာ ညှဉ်းပန်းနှိပ်စက်မှုတွေ ဖိနှိပ်ကျူးလွန်မှုတွေကို လုပ်ခဲ့တာပါ" ဟု ပြောပြခဲ့သည်။

ဇွန်လ ၃ ရက်ညနှင့် ၄ရက်နေ့ညများတွင် အကျဉ်းသားများ အိပ်စက်နေချိန်၊ ထောင်ဝါဒါတို့မှ ၎င်းတို့ကျောထောက်နောက်ခံပြုထားသည့် အကြီးတန်း ရာဇဝတ်အကျဉ်းသားများအား အကျဉ်းခန်းပြင်ပမှ ချွန်ထက်သော သံချောင်းများဖြင့် ထိုးကာ နိုင်/ကျဉ်းလူငယ်များကို နှိပ်စက်

# ဖြစ်ရပ်လေ့လာမှုများ

နှိပ်စက်စေခြင်း၊ လေးခွများဖြင့် ပစ်ခတ်စေခြင်းများကြောင့် သွေးများဖြင့် ချင်းချင်းနီးသော အချုပ်ခန်းများ ဖြစ်ခဲ့ရသည်ဟု ထွက်ဆိုကြသည်။

"လူငယ်တွေ အများအပြား လက်ကျိုး ခြေကျိုး ဒဏ်ရာရကုန်တယ်။ အတော်များများကို ရက်ပေါင်းများစွာ အစာနဲ့ရေကို ပြတ်တောက်ခဲ့တယ်။ ခန့်မှန်းခြေအရ အနည်းဆုံး အကျဉ်းသား လေးဒါဇင်လောက် ထိခိုက်ဒဏ်ရာရခဲ့ပါတယ်။ တကယ့်ကို ငရဲခန်းမှာ ရှိနေတဲ့ အခြေအနေတွေလို့ မြင်မိတယ်"



(ထောင်အာဏာပိုင်တွေဟာ သူတို့ကိုယ်တိုင် ညှဉ်းပန်းနှိပ်စက်မှုကို ကျူးလွန်ခြင်းထက် သူတို့ လက်သပ်မွေးထားတဲ့ တန်းစီးများ၊ ထောင်ဝါဒါများနှင့် အကြီးတန်းရာဇဝတ်အကျဉ်းသားတို့ကို အမိန့်ပေးစေခိုင်းစေခြင်းဖြင့် ညှဉ်းပန်းနှိပ်စက်မှုကို ဆောင်ရွက်ကြသည်။)



# အကြံပြုတိုက်တွန်းချက်များ

ညှဉ်းပန်းနှိပ်စက်ခံရသူများကို ကူညီထောက်ပံ့ရေး အပြည်ပြည်ဆိုင်ရာနေ့တွင် မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်းက အောက်ပါအတိုင်း တောင်းဆိုသည်။

- အလှူရှင်များအနေဖြင့် ညှဉ်းပန်းနှိပ်စက်ခံရမှုမှ အသက်ရှင်ကျန်ရစ်သူများအား ၎င်းတို့၏ ရုပ်ပိုင်းဆိုင်ရာနှင့် စိတ်ပိုင်းဆိုင်ရာ နစ်နာခံစားခဲ့ရမှုတို့အတွက် ဖေးမကူညီပေးသည့် ပြန်လည်ထူထောင်ရေး လုပ်ငန်းအစီအစဉ်များကို ပံ့ပိုးကူညီသွားရန်

- နိုင်ငံတကာအဖွဲ့အစည်းများအနေဖြင့် နိုင်ငံအဝှမ်း ဖြစ်ပေါ်နေသည့် ညှဉ်းပန်းနှိပ်စက်မှု ပုံစံအမျိုးမျိုးသာမက ဒီမိုကရေစီနှင့်လွတ်လပ်ခွင့်တို့ ဆိတ်သုဉ်းနေသော အခြားကမ္ဘာ့ နိုင်ငံများမှ ချိုးဖောက်မှုများကိုလည်း အမြန်ဆုံးရပ်တန့်သည့်တောင်းဆိုလှုပ်ရှားမှုတိုင်းကို ပံ့ပိုးကူညီသွားရန်

- အာဏာသိမ်းစစ်အုပ်စုတို့အနေနှင့် နိုင်ငံတဝှမ်းလုံးရှိ စစ်ကြောရေးစခန်းများနှင့် အကျဉ်းထောင်များတွင် ကျူးလွန်ချိုးဖောက်နေသည့် ညှဉ်းပန်းနှိပ်စက်မှုများကို ချက်ချင်း ရပ်တန့်ရန်

- နိုင်ငံရေးအကျဉ်းသားများအားလုံးကို ခြွင်းချက်မရှိ အမြန်ဆုံးလွှတ်ပေးရန်၊ နှစ်သိမ့် ဆွေးနွေးခြင်းအပါအဝင် ရုပ်ပိုင်း၊ စိတ်ပိုင်းဆိုင်ရာ ကုသမှုခံယူမှုများ၊ အကျဉ်းထောင် အတွင်း ဆုံးရှုံးနေသော လိုအပ်ချက်များ၊ လူ့အခွင့်အရေးများနှင့် ကျင့်ဝတ်များကို အမြန် ဆုံး ဖြည့်ဆည်းလိုက်နာရန်

# အကြံပြုတိုက်တွန်းချက်များ

- နိုင်ငံတကာအသိုင်းအဝိုင်းနှင့် သက်ဆိုင်ရာမူဝါဒရေးဆွဲသူများအနေဖြင့် အမျိုးသား ညီညွတ်ရေးအစိုးရအား မြန်မာနိုင်ငံ၏ တခုတည်းသော တရားဝင်အစိုးရအနေဖြင့် အသိအမှတ်ပြုရန်

- လွတ်လပ်သည့် စုံစမ်းစစ်ဆေးရေးယန္တရားအနေဖြင့် မြန်မာစစ်အုပ်စုတို့မှ စနစ်တကျနှင့် ကျယ်ပြန့်စွာ ကျူးလွန်ထားသည့် ညှဉ်းပန်းနှိပ်စက်မှုဆိုင်ရာ သက်သေအထောက်အထား များကို  နိုင်ငံတကာဥပဒေနှင့်အညီ စစ်ဆေးခြင်း၊ နစ်နာခံစားခဲ့ရသူတိုင်းအတွက် တရား မျှတမှုဆောင်ကြဉ်းခြင်း လုပ်ငန်းစဉ်များတွင် အသုံးပြုရန် သေချာစေရမည်

- ကုလသမဂ္ဂလုံခြုံရေးကောင်စီအနေဖြင့် နိုင်ငံတကာဥပဒေကို ချိုးဖောက်ပြီး နှိပ်စက် ညှဉ်းပန်းမှုကို ဖိနှိပ်မှုနည်းနာတခုအဖြစ် အစဉ်တစိုက်အသုံးပြုနေသော စစ်အုပ်စုအား ချက်ချင်းအရေးယူရမည်

- ပြစ်မှုကျူးလွန်သူများအား တာဝန်ယူရန်နှင့် တာဝန်ခံရန် စီစဉ်ဆောင်ရွက်နေစဉ် အခြား တဖက်မှာလည်း လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုအပါအဝင် ညှဉ်းပန်းနှိပ်စက်မှုအားလုံးမှ လွတ်မြောက်သူတို့အား အကာအကွယ်နှင့် ပြန်လည်ကုစားပေးလျော်မှုများ ချက်ချင်းစီမံ ဆောင်ရွက်ပေးရမည်။

HURFOM
မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်း
www.rehmonnya.org
<info@rehmonnya.org>